Australian Government

Job Services Australia™

people • skills • jobs

# ချည်ထည်၊ အထည်ချုပ်နှင့် ဖိနပ်လုပ်ငန်းစက်ရုံများမှ မကြာသေးမီက အလုပ်ဖြုတ်ခံရသော အလုပ်သမားများအဖို့ အကူအညီ

အကယ်၍သင်သည် ချည်ထည်၊ အထည်ချုပ်နှင့် ဖိနပ်လုပ်ငန်းများတွင် အလုပ်မှမလိုအပ်တော့သဖြင့် အလုပ်ဖြုတ်ခံရပါက ချည်ထည်၊ အထည်ချုပ်နှင့် ဖိနပ်လုပ်ငန်း ဖွဲ့စည်းပုံဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အစီအစဉ် **(Textile, Clothing and Footwear Structural Adjustment Program)** အရ သင့်အတွက် အထူးပံ့ပိုးမှု အကူအညီရနိုင်သည်။

အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုများ၏ ဖိဖိစီးစီး အကူအညီကို ချက်ခြင်း ရနိုင်ရန်အတွက် ဩစတြေးလျားနိုင်ငံ အလုပ်အကိုင် ရှာဖွေရေး ဝန်ဆောင်မှုလုပ်ငန်း (Job Services Australia) ဝန်ဆောင်မှုပေးသူထံ စာရင်းပေးပြီး မှတ်ပုံတင်ပါ။

## စတင်လုပ်ဆောင်ရန်

### ၁. သင်နှင့်အနီးဆုံး Job Services Australia ဝန်ဆောင်မှုပေးသူကို ရွေးချယ်ပါ။

သင်နှင့်အနီးဆုံး Job Services Australia ဝန်ဆောင်မှုပေးသူကို ရှာဖွေရန်အတွက် **13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ် **deewr.gov.au/jobservicesaustralia** တွင် ရှာကြည့်ပါ။

### ၂. သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူနှင့် တွေ့ပါ။

သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူက သင့်အခြေအနေကို အသေးစိတ် စိစစ် အကဲဖြတ်ပြီး သင့်အား အလုပ်အကိုင်ရှာဖွေရေး ဝန်ဆောင်မှုကို ဖိဖိစီးစီး အကူအညီပေးပါလိမ့်မည်။

## သင်ရရှိနိုင်သော အကူအညီ

သင်၏ Job Services Australia မှ ဝန်ဆောင်မှုပေးသူသည် သင် နောက်ထပ်အလုပ်တစ်ခုကို အမြန်ဆုံး ရနိုင်ရေးကို ကူညီရန်အတွက် သင့် တစ်ဦးခြင်း လိုအပ်ချက်များနှင့် ကိုက်ညီသော အလုပ်အကိုင် လမ်းကြောင်း အစီအစဉ် (Employment Pathway Plan) တစ်ခုကို သင်နှင့်အတူ ရေးဆွဲပါမည်။ ယင်းသို့ရေးဆွဲရာတွင် အောက်ပါအချက်များ ပါဝင်နိုင်ပါသည် -

- သင့် ကိုယ်ရေးအချက်အလက်များ အကျဉ်းချုပ်နှင့် အလုပ်လျှောက်လွှာများရေးခြင်း၊ လူတွေ့မေးမြန်းရာတွင် ဖြေကြားပုံဆိုင်ရာ စွမ်းရည်များနှင့် တင်ပြပုံတင်ပြနည်းများ၊
- အလုပ်ရှာဖွေခြင်း၊ ရွေးချယ်နိုင်သော အလုပ်အကိုင်အမျိုးမျိုး၊ လုပ်ငန်းအမျိုးမျိုး၊ အလုပ်အကိုင် အစီအစဉ်များ အပေါ် အကြံဉာဏ်ပေးခြင်း၊
- လစ်လပ်နေသော အလုပ်နေရာများအကြောင်း သင့်ကို အသိပေးခြင်းနှင့် သင်သည် ဩစတြေးလျားနိုင်ငံတွင် အကြီးဆုံးနှင့် ရေပန်းအစားဆုံး အလုပ်အကိုင်ရှာဖွေရေး အင်တာနက်နေရာဖြစ်သော JobSearch - **jobsearch.gov.au** အပါအဝင် Centrelink နှင့် Job Services Australia ဝန်ဆောင်မှုပေးသူများက ပံ့ပိုးသော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ စက်ပစ္စည်း ကိရိယာများကို သုံးနိုင်ခြင်း၊
- လုပ်ငန်းခွင်အတွက် ရည်ညွှန်းဆက်သွယ်ပေးခြင်းနှင့် အလုပ်ပေးခြင်း၊
- သင့်ကျွမ်းကျင်မှုများကို ပြည့်စုံစွာ သိရှိနိုင်မည့် စိစစ်အကဲဖြတ်ခြင်း၊
- သင့်မြို့နယ်အတွင်းမှ အလုပ်ဈေးကွက်၊ လစ်လပ်နေသော အလုပ်နေရာများနှင့် သက်ဆိုင်မည့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရန် လုပ်ဆောင်ခြင်းနှင့် လေ့ကျင့်မှုသင်တန်းများတက်ခြင်း၊
- ကုန်ထုတ်စွမ်းအားတိုးတက်လာရေး နေရာများ အစီအစဉ် (Productivity Places Program), ဘာသာစကား၊ စာတတ်မြောက်ရေးနှင့် အတွက်အချက် အစီအစဉ် (Language, Literacy and Numeracy Program), သို့မဟုတ် သက်ကြီးခြေချ အင်္ဂလိပ်ဘာသာသင်တန်း (Adult Migrant English Program) အပါအဝင် ပညာသင်ကြားခွင့် သို့မဟုတ် လေ့ကျင့် သင်ကြားခွင့် ရရှိနိုင်မည့်နေရာများသို့ ရည်ညွှန်းဆက်သွယ်ပေးခြင်း၊
- အလုပ်ဆိုင်ရာ လိုင်စင်များ၊ သင်ကြားတတ်မြောက်မှု လက်မှတ်များ သို့မဟုတ် အရည်အချင်း အသိအမှတ်ပြု လက်မှတ်များ ရနိုင်ရန် အကူအညီပေးခြင်း၊
- လုပ်ငန်းခွင် အတွေ့အကြုံရနိုင်သည့် အခွင့်အရေးများ၊

သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူသည် သင်၏ Employment Pathway Plan ကို ပြန်လည် စိစစ်သုံးသပ်နိုင်ရန်အတွက် သင်နှင့်ပုံမှန်တွေ့ဆုံမည်။ သူတို့က လေ့ကျင့်ရေးသင်တန်း၊ စက်ပစ္စည်း ကိရိယာများဝယ်ရန်နှင့် အလုပ်အကိုင်ရှာဖွေနေစဉ် သက်သာမှုအဖြစ်ပေးသောငွေ တို့ပါဝင်သော အလုပ်အကိုင် လမ်းကြောင်း (Employment Pathway) ဆိုင်ရာ ရန်ပုံငွေကိုလည်း စစ်ဆေးနိုင်သည်။

သင့်အား အလုပ်ခွင်မှ မလိုအပ်တော့သဖြင့် အလုပ်ထုတ်ပြီးသည့်အချိန်မှစပြီး ခြောက်လတိတိ ဤကူညီပံ့ပိုးမှုကို ရရန် လိုအပ်ချက် ပြည့်မီသည်။

## Productivity Places Program

သင်သည် အလုပ်လစ်လပ်မှုများရှိရာ စက်မှုလုပ်ငန်းများစွာနှင့် အခြားအလုပ်များစွာတို့တွင် Certificate III အဆင့် နှင့်အထက် သက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများကို တက်ရောက်နိုင်ခွင့်ရှိသည်။

ပိုမိုသိလိုပါက သင့်မြို့နယ်ရှိ Job Services Australia ဝန်ဆောင်မှုပေးသူနှင့် တွေ့ပါ။ သို့မဟုတ် **productivityplaces.deewr.gov.au** တွင် ဖတ်ကြည့်ပါ။

## သင်၏ ငွေရေးကြေးရေးဆိုင်ရာ ထိန်းသိမ်းမှုတွင် ကူညီခြင်း

Centrelink က သင့်ကို အလုပ်မှ မလိုအပ်တော့သဖြင့် အလုပ်ထုတ်ပယ်ခြင်းနှင့်ဆိုင်သော ပံ့ပိုးမှုအကူအညီနှင့် အစိုးရထောက်ပံ့ကြေး များနှင့်ပတ်သက်ပြီး အဂတိလိုက်စားခြင်းကင်းသော အခမဲ့ ဝန်ဆောင်မှု ပေးပါသည်။

ကျေးဇူးပြု၍ သတိပြုရန် - ထောက်ပံ့ကြေးရနိုင်ရန်  လိုအပ်ချက် ပြည့်မီ၊ မမီဆိုသည်မှာ သင်ရရှိသော ဝင်ငွေနှင့် ပိုင်ဆိုင်မှုများအပါအဝင် သင့်တစ်ဦးခြင်း အခြေအနေပေါ်မူတည်သည်။ အကယ်၍သင်သည် ထောက်ပံ့ကြေးရနိုင်ရန် လိုအပ်ချက် ပြည့်မီစေကာမူ သင်၏ လစာ၊ သို့မဟုတ် အလုပ်မှ မလိုအပ်တော့သဖြင့် အလုပ်ဖြုတ် ခံရခြင်းကြောင့် ရနေသော ခံစားခွင့်များပေါ်မူတည်ပြီး အချိန်အတိုင်းအတာတစ်ခုအထိ သင် ရရှိလိမ့်မည်မဟုတ်ပါ။

ပိုမိုသိလိုပါက Centrelink ကို **13 24 90** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **centrelink.gov.au** တွင် ဖတ်ပါ။

## Special Child Care Benefit

အကယ်၍ သင်သည် အလုပ်မှ မလိုအပ်တော့သဖြင့် အလုပ်ဖြုတ်ခံရသူဖြစ်ခြင်းကြောင့် မိမိ၏ ကလေးကို ကျွေးမွေးပြုစု စောင့်ရှောက်ရန် အခက်အခဲရှိနေပါက သင်သည် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထူးထောက်ပံ့ကြေး (Special Child Care Benefit) ကို ရနိုင်ရန် လိုအပ်ချက်ပြည့်မီနိုင်သည်။ ပိုမိုသိလိုပါက Family Assistance Office ကို ဖုန်း **13 61 50** တွင် ဆက်သွယ်ပါ။

3FS09446JSA/burmese

## General Employee Entitlements and Redundancy Scheme

အကယ်၍ သင်၏အလုပ်ရှင်က ဒေဝါလီခံခြင်း၊ သို့မဟုတ် လုပ်ငန်းဖျက်သိမ်းခြင်းကြောင့် သင်အလုပ်ပြုတ်ခဲ့ရလျှင်၊ ထို့အပြင် သင်ရရန်ကျန်နေသေးသော ရပိုင်ခွင့်များကိုပေးရန် သူတို့တွင် ငွေအလုံအလောက်လည်း မရှိခဲ့လျှင် သင်သည် အလုပ်သမား၏ အထွေထွေရပိုင်ခွင့်များနှင့် လုပ်ငန်းဖျက်သိမ်းခြင်းကြောင့် အလုပ်ဖြုတ်ခံရသူများဆိုင်ရာ အစီအစဉ် (General Employee Entitlements and Redundancy Scheme) (GEERS) အရ ရပိုင်ခွင့်ရှိသည်။

ပိုမိုသိလိုပါက GEERS အရေးပေါ် ဖုန်းလိုင်း **1300 135 040** ကို ဆက်သွယ်ပါ၊ သို့မဟုတ် **workplace.gov.au/geers** တွင် ဖတ်ကြည့်ပါ။

## Securing Apprenticeships Program

အကယ်၍သင်သည် အလုပ်ဖြုတ်ခံရသော အလုပ်သင် သို့မဟုတ် သင်တန်းသားဖြစ်ပါက သင်၏ သင်တန်းကို ပြီးဆုံးသည် အထိ တက်ရောက်နိုင်ရန် ထိုလုပ်ငန်းခွင်တွင် ဆက်လက်နေနိုင်ရေးအတွက် (Securing Apprenticeships Program) က ပံ့ပိုး ကူညီနိုင်ပါသည်။

Securing Apprenticeships ၏ လစာပေးရာတွင် ပံ့ပိုးမှုသည် ဤပံ့ပိုးမှုကိုရရန် လိုအပ်ချက်ပြည့်မီသော အလုပ်သင် သို့မဟုတ် သင်တန်းသားကို ထပ်မံ၍အလုပ်ခန့်ထားပြီး ၎င်း၏သင်တန်းကို ပြီးဆုံးအောင် ဆောင်ရွက်ပေးမည့် အဖွဲ့လိုက် သင်တန်းပေးသူများအပါအဝင် အလုပ်ရှင်များအတွက် ပေးသော ပံ့ပိုးမှုဖြစ်သည်။

ပိုမိုသိလိုပါက Australian Apprenticeships ဩစတြေးလျားနိုင်ငံ အလုပ်သင်များ အစီအစဉ်ကို **13 38 73** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **australianapprenticeships.gov.au** တွင် ဖတ်ကြည့်ပါ။

## လုပ်ငန်းဖျက်သိမ်းသဖြင့် အလုပ်ဖြုတ်ခံရသူများ၏ ရပိုင်ခွင့်များ

အကယ်၍သင်သည် လုပ်ငန်းဖျက်သိမ်းသဖြင့် အလုပ်ဖြုတ်ခံရပြီး သင် ရသင့်ရထိုက်သော အခွင့်အရေးများ မရဟု ယုံကြည်လျှင် Fair Work Australia ကို ဆက်သွယ်ပါ။

Fair Work Australia က သင်ရရန်ကျန်နေသေးသော ရပိုင်ခွင့်များကို ပြန်လည်ရရှိရန်ကူညီပါလိမ့်မည်။

သင့်အနေနှင့် Fair Work Australia အကူအညီဆိုင်ရာလိုင်းကို **1300 724 200** တွင် ဆက်သွယ်ပါ။

# သင့်တာဝန်ဝတ္တရားများ

အကယ်၍သင်သည် Newstart, လူငယ်ထောက်ပံ့ကြေး (Youth Allowance) သို့မဟုတ် မိဘများကို ပေးသည့် ထောက်ပံ့ကြေး (Parenting Payment) ရရှိနေပြီး ထောက်ပံ့ကြေးရရန် လိုအပ်ချက်များကို ဆောင်ရွက်ရသူဖြစ်ပါက သင် အလုပ်ရှာရန်လိုအပ်ပြီး သင်အလုပ်ရရှိရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကို ပြုလုပ်ရမည် ဖြစ်သည်။

သင့်အား Job Services Australia ဝန်ဆောင်မှုပေးသူက သင်နှင့်ဆိုင်သော အချက်အလက်များကို စဉ်းစားပြီး သင်နှင့်ကိုက်ညီသော အလုပ်များကို သင်၏ Employment Pathway Plan ထဲတွင် ထည့်သွင်းရန် သင်နှင့် ညှိနှိုင်းဆွေးနွေးမည်။

အကယ်၍သင်သည် မိမိပါဝင်လုပ်ဆောင်ရမည်များကို မလုပ်ဆောင်နိုင်ခဲ့လျှင် သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ နှင့် ဆွေးနွေးသင့်သည်။ အကယ်၍ သင်သဘောတူထားသည့် လုပ်ဆောင်ရမည်များကို လုပ်ဆောင်ရန် ပျက်ကွက်ပါက သင့်ထောက်ပံ့ကြေးများကို ထိခိုက်နိုင်ပါသည်။

# သင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များ လုံခြုံမှု

သင့်ကိုယ်ရေးကိုယ်တာအချက်အလက်များကို *ကိုယ်ရေးကိုယ်တာအချက်အလက်များဆိုင်ရာ လုံခြုံမှု အက် ဥပဒေ ၁၉၈၈ (Privacy Act 1988)* ဖြင့် အကာအကွယ်ပေးထားပြီး သင့်အကြောင်းကိုလည်း *လူမှုဖူလုံရေးဆိုင်ရာ (အုပ်ချုပ်မှု) ဥပဒေ ၁၉၉၉ (Social Security (Administration) Act 1999)* ဖြင့် ကာကွယ်ထားနိုင်ပါသည်။ (ဥပမာ၊ သင် ဝင်ငွေဆိုင်ရာထောက်ပံ့ကြေး ရနေ၊ မနေ) သင် နှင့်ဆိုင်သောအချက်အလက်များကို သင့်လိုအပ်ချက်များအား အဖွဲ့အစည်းများမှ အသင့်တော်ဆုံး ဖြည့် ဆီးပေးနိုင်ရန်အတွက် Job Services Australia ဝန်ဆောင်မှုပေးသူများ၊ Department of Education, Employment and Workplace Relations (DEEWR), Centrelink နှင့် အခြားသော ဩစတြေးလျားနိုင်ငံ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် အချက်အလက်များ ဖလှယ် အသုံးပြုနိုင်သည်။

သင့်ကိုယ်ရေးကိုယ်တာ အချက်အလက်များဆိုင်ရာ လုံခြုံမှုနှင့်ပတ်သက်ပြီး ပိုမိုသိလိုပါက သင်၏ Job Services Australia ဝန်ဆောင်မှုပေးသူ သို့မဟုတ် DEEWR ကိုမေးပါ။ သို့မဟုတ် **privacy.gov.au** တွင် ဖတ်ကြည့်ပါ။

# ကျွန်ုပ်တို့၏ ဝန်ဆောင်မှုအတွက် အာမခံခြင်း

## ဝန်ဆောင်မှုအတွက် အာမခံခြင်း

သင့် တစ်ဦးခြင်းလိုအပ်ချက်နှင့် ကိုက်ညီသော ဝန်ဆောင်မှုကို သင့် Job Services Australia ဝန်ဆောင်မှုပေးသူထံမှ စဉ်ဆက်မပြတ် ရနေမည်ဖြစ်သည်။ ဤဝန်ဆောင်မှုများသည် သင့်လက်ရှိနှင့် နောက်ခံအခြေအနေကို အရေးထားပါသည်။ ဝန်ဆောင်မှုဆိုင်ရာ အာမခံခြင်းများအားလုံးကို သင့်အနေနှင့် ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ကြည့်ပါ။

## လုပ်ငန်းဆိုင်ရာကျင့်ဝတ်

Job Services Australia ဝန်ဆောင်မှုပေးသူများသည် ဩစတြေးလျားနိုင်ငံအစိုးရမှ ထောက်ပံ့သော အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝန်ဆောင်မှုများကို ဆောင်ရွက်ရန် ကန်ထရိုက်ရထားသူများ ဖြစ်ကြပြီး အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုများ၏ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာရန်နှင့် ကျင့်သုံးရန် အတွက် သဘောတူထားကြသူများဖြစ်သည်။ လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များအကြောင်း ဖတ်ကြည့်လိုပါက **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

# ပိုမိုသိလိုပါက

**13 17 64** ကို ဆက်သွယ်ပါ၊ သို့မဟုတ် **deewr.gov.au/jobservicesaustralia** တွင် ဖတ်ပါ။

**Centrelink** ကို **13 28 50** တွင် ဆက်သွယ်ပါ၊ သို့မဟုတ် **centrelink.gov.au** တွင် ဖတ်ပါ။

အလုပ်မှမလိုအပ်တော့သဖြင့် အလုပ်ဖြုတ်ခံရခြင်းကို ရင်ဆိုင်နိုင်ရန်အတွက် **beyondblue.org.au** တွင်ရှိသော **Beyond Blue** တွင် ဖတ်ကြည့်ပါ။